# အချပ်ပို စ

## ဥပဒေရေးရာလုပ်ငန်း သီးခြားရပ်တည်မှုအပေါ် အပြည်ပြည်ဆိုင်ရာ ဝတ်လုံတော်ရရှေ့နေများအဖွဲ့အစည်း (IBA) ၏ စံနှုန်းသတ်မှတ်ချက်များ

*၁၉၉၀ ခုနှစ် IBA ကောင်စီမှ သဘောတူလက်ခံထားပြီး*

**အချက်များကို ပြန်ပြောင်းပြောပြရသော်။ ။**

ဥပဒေဖြင့် အသက်မွေးသူများ သီးခြားရပ်တည်မှုသည် လူ့အခွင့်အရေးရများအား မြှင့်တင်ပေးရန်နှင့် ကာကွယ်ပေးရန်တို့အတွက် မရှိမဖြစ်သည့် အာမခံချက်တစ်ရပ်ဖြစ်ပြီး ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများကို ထိရောက်စွာနှင့် လုံလောက်စွာ ရယူနိုင်ရန်အတွက် လိုအပ်သည်ဟူသည့်အချက်ကို အခြေခံ၍။ ။

ဥပဒေစိုးမိုးမှုအား အကောင်အထည်ဖော်ဆောင်ရွက်ရာနှင့် ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ မလျော်ကန်သည့် ကန့်သတ်ချုပ်ချယ်မှုများ၊ ဖိအားပေးချက်များ၊ ဝင်ရောက်စွက်ဖက်မှုများ မပါရှိဘဲ ရှေ့နေများက မိမိတို့၏ လုပ်ငန်းအတတ်ပညာဆိုင်ရာ တာဝန်ဝတ္တရားများအား လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ကို အာမခံချက်ပေးသည့် တရားမျှတသည့် တရားစီရင်ရေးစနစ်မှာ မရှိမဖြစ် လိုအပ်ပါသည်။

လူတိုင်း၏ တရားဝင်ရပိုင်ခွင့်များ၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအရ ရပိုင်ခွင့်များ၊ အများပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို ကာကွယ်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန် မိမိတို့ကိုယ်တိုင် ရွေးချယ်ထားသည့် သီးခြားရပ်တည်သည့် ရှေ့နေမှ ပေးအပ်သည့် ဥပဒေဝန်ဆောင်မှုများအား ထိရောက်စွာနှင့် လျင်မြန်စွာ ရယူစေသည့် သတ်မှတ်ချက်များကို မဖြစ်မနေ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

တရားမျှတမှုရှိစေရန် ပိုမိုတိုးမြှင့်လုပ်ဆောင်ရာတွင် ရှေ့နေများ၏ လုပ်ငန်းအတတ်ပညာဆိုင်ရာ အဖွဲ့အစည်းများသည် လုပ်ငန်းအတတ်ပညာဆိုင်ရာ စံညွှန်းသတ်မှတ်ချက်များနှင့် ကျင့်ဝတ်များကို ထိန်းသိမ်းရန်၊ အဖွဲ့ဝင်များအား မလျော်ကန်သော ကန့်သတ်ချုပ်ချယ်မှုများနှင့် ၎င်းတို့အပေါ် ဥပဒေချိုးဖောက်မှုများမှ ကာကွယ်ရန်၊ ဥပဒေဝန်ဆောင်မှုလိုအပ်သူအားလုံးအား ဝန်ဆောင်မှုများ ပေးအပ်ရန်၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည်တို့အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

**ထို့ကြောင့် ယခုတွင်** ရှေ့နေများနှင့်ကိုက်ညီသည့် အခန်းကဏ္ဍအား မြှင့်တင်ရန်နှင့် ၎င်းအခန်းကဏ္ဍအတိုင်း လုပ်ဆောင်မှုရှိစေရန် ဆောင်ရွက်ချက်များတွင် အကူအညီပေးရန် အောက်ပါစံညွှန်းသတ်မှတ်ချက်များအား အပြည်ပြည်ဆိုင်ရာ ဝတ်လုံတော်ရရှေ့နေအဖွဲ့အစည်းမှ ချမှတ်လိုက်ပါသည်။ ၎င်းတို့အား အစိုးရများက မိမိတို့တိုင်းပြည်၏ ဥပဒေပြဋ္ဌာန်းချက်ဘောင်နှင့် လက်တွေ့ကျင့်သုံးရာတို့တွင် ထည့်သွင်းစဉ်းစားကာ လေးစားလိုက်နာရမည်ဖြစ်ပြီး ရှေ့နေများ၊ တရားသူကြီးများ၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြဋ္ဌာန်းရေးဆွဲသည့် အာဏာပိုင်အဖွဲ့မှ အဖွဲ့ဝင်များ၊ သာမန်ပြည်သူလူထုမှ သတိမူမိလာစေရန် လုပ်ဆောင်ရမည်။

### ဥပဒေလုပ်ငန်းနှင့် ဥပဒေပညာရေးသို့ စဝင်ခြင်း

၁။ ဥပဒေအတွက် လိုအပ်သည့် အရည်အချင်းများ ပိုင်ဆိုင်သူတိုင်းတွင် ခွဲခြားဆက်ဆံခံရခြင်းမရှိဘဲ ရှေ့နေဖြစ်ပိုင်ခွင့်နှင့် လက်တွေ့လုပ်ဆောင်ပိုင်ခွင့် ရှိသည်။

၂။ သတ်မှတ်ထားသည့် အရည်အချင်းများ ပိုင်ဆိုင်သူတိုင်း ဥပဒေပညာရေး သင်ကြားပိုင်ခွင့်ရှိပြီး မည်သူမျှ ယင်းအခွင့်အရေးအား လူမျိုး၊ အသားအရောင်၊ လိင်၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားခံယူချက်သဘောထား၊ မူရင်းနိုင်ငံသား သို့မဟုတ် လူတန်းစား၊ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်း၊ မျိုးရိုး၊ ရာထူးဂုဏ်အဆင့်အတန်း သို့မဟုတ် မသန်စွမ်းမှုတို့ကြောင့် ပိတ်ပင်တားဆီးခံရခြင်း မရှိစေရပါ။

၃။ ရှေ့နေအဖြစ် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရာတွင် ရှေ့နေ၏အခန်းကဏ္ဍနှင့် လိုအပ်သည့် ကျွမ်းကျင်မှုများအား သိရှိနားလည်ရေးကို တိုးမြှင့်ပေးရန် ဥပဒေပညာရေးအား စီစဉ်ထားရမည် ဖြစ်သည်။ ထိုသို့စီစဉ်ရာတွင် ရှေ့နေတစ်ဦးတွင် ရှိထိုက်သည့် ဥပဒေရေးရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ဝတ္တရားများ၊ သတ်မှတ်ထားသည့် တရားစီရင်ပိုင်ခွင့်နယ်မြေနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရ အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအား သိရှိမှုတို့ပါဝင်ရပါမည်။

၄။ ဥပဒေပညာရေးအစီအစဉ်များတွင် ရှေ့နေတစ်ဦး၏ လူမှုရေးဆိုင်ရာ တာဝန်ဝတ္တရားများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ၎င်းတာဝန်များတွင် ဆင်းရဲသူများအား ဥပဒေဝန်ဆောင်မှုများ ပေးအပ်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဖြစ်စေ၊ အများပြည်သူနှင့် နိုင်ငံရေးဆိုင်ရာဖြစ်စေ မည်သည့်သဘောသဘာဝရှိသည့် ကိစ္စရပ်များတွင်မဆို ဥပဒေရပိုင်ခွင့်များကို မြှင့်တင်ခြင်း၊ ကာကွယ်ပေးခြင်းအပြင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အထူးသဖြင့်ယင်းတို့ကဲ့သို့ သဘောသဘာဝရှိသည့် ရပိုင်ခွင့်များအား မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းတို့ ပါဝင်ရမည်။

## ဥပဒေနှင့်ပတ်သက်၍ ပြည်သူလူထုအား ပညာပေးခြင်း

၅။ ဥပဒေစိုးမိုးမှုဆိုင်ရာမူဝါဒများ၊ တရားစီရင်ရေးအာဏာပိုင်အဖွဲ့နှင့် ဥပဒေပညာရှင်များ သီးခြားတည်မှု၏ အရေးကြီးပုံတို့ကို အများပြည်သူလူထုအား ပညာပေးရန်နှင့် ၎င်းတို့၏ ရပိုင်ခွင့်များနှင့်တာဝန်များ၊ သက်ဆိုင်သည့် ရရှိနိုင်သော အလျော်အစားပြန်လည်ပေးအပ်မှု များနှင့်ပတ်သက်၍ အသိပေးရန်တို့မှာ ဥပဒေပညာရှင်နှင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်သည်။

## ရှေ့နေများ၏ ရပိုင်ခွင့်များနှင့် တာဝန်များ

၆။ ရှေ့နေများက မိမိတို့၏ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် လိုက်နာရန် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများ၊ စံညွှန်းသတ်မှတ်ချက်များ၊ ကျင့်ဝတ်များအရ အမှုသည်များ၏ တရားဝင်အကျိုးစီးပွားနှင့်အညီ အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်သူလူထုမှ ပိတ်ပင်တားဆီးခြင်း၊ ဖိအားပေးခြင်းများ မရှိစေဘဲ အချိန်တိုင်း လွတ်လပ်စွာဖြင့် ကြိုးကြိုးစားစား အကြောက်အလန့်မရှိ ဆောင်ရွက်ရမည်။

၇။ အမှုသည် သို့မဟုတ် အမှုသည်၏အရေးကိစ္စနှင့်ပတ်သက်၍ အများက နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ရှေ့နေအား အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်သူလူထုမှ ၄င်းအချက်တို့အရ သတ်မှတ်ခြင်းများ မရှိစေရပါ။

၈။ မည်သည့်ရှေ့နေမှ ၎င်းတို့၏ အမှုသည် သို့မဟုတ် အမှုသည်၏ အရေးကိစ္စအား တရားဝင် အကြံပြုခြင်း သို့မဟုတ် ကိုယ်စားပြုခြင်းတို့ကြောင့် ပြစ်မှုရေးရာ၊ တရားမရေးရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ စီးပွားရေး သို့မဟုတ် အခြားသော အရေးယူမှုများ၊ အနှောင့်အယှက်ပေးမှုများဖြင့် ထိခိုက်နစ်နာစေခြင်း၊ ခြိမ်းခြောက်ခံရခြင်းများ မရှိစေရပါ။

၉။ မည်သည့်တရားရုံး သို့မဟုတ် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့မှ ယင်းတရားစီရင်ပိုင်ခွင့်နယ်မြေတွင် မိမိ၏ အမှုသည်အတွက် တရားရုံးသို့ တက်ရောက်ရန် အရည်အချင်းပြည့်မီသည့် ရှေ့နေ၏ လုပ်ပိုင်ခွင့်အား အသိအမှတ်ပြုရန် ငြင်းပယ်ခြင်းမပြုရပါ။

၁၀။ ရှေ့နေများသည် အချို့အမှုကိစ္စများ သို့မဟုတ် အမှုစီရင်စစ်ဆေးခြင်း၊ ကြားနာခြင်းများတွင် တရားသူကြီးတစ်ဦး ပါဝင်မှု သို့မဟုတ် ဆက်လက်ပါဝင်မှုအပေါ် ခိုင်လုံသည့် အကြောင်းပြချက်များဖြင့် ကန့်ကွက်ပိုင်ခွင့်ရှိသည်။

၁၁။ ဤမူဝါဒများတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်နေရာများမှလွဲပြီး ရှေ့နေများသည် သဘောရိုးဖြင့် စာဖြင့်ရေးသားထွက်ဆိုချက်များ သို့မဟုတ် နှုတ်ဖြင့်တောင်းဆိုမှုများ သို့မဟုတ် တရားရုံး၊ ခုံရုံး၊ အခြားဥပဒေရေးရာ၊ အုပ်ချုပ်မှုရေးရာ အာဏာပိုင်များရှေ့တွင် ကိုယ်တိုင်ဦးတိုက် လျှောက်ထားမှုများ လုပ်သည့်အခါ တရားမရေးရာနှင့် ပြစ်မှုရေးရာဆိုင်ရာ ကင်းလွတ်ခွင့်များ ခံစားပိုင်ခွင့်ရှိသည်။

၁၂။ ရှေ့နေများက လွတ်လပ်ခွင့်မရှိသောသူများနှင့် လုပ်ကိုင်ရာတွင် လွတ်လပ်မှုတပြီး ယုံကြည်ရသည့် ဥပဒေအကူအညီ ရရှိစေရန် ရှေ့နေ၏ တွေ့ဆုံပြောဆိုခွင့်များအပါအဝင် လွတ်လပ်ပိုင်ခွင့်အား အာမခံချက်ပေးထားရမည်။ အမှုလိုက်ရှေ့နေနှင့် အာဏာပိုင်အဖွဲ့အကြား လျှို့ဝှက်ပူးပေါင်းညှိနှိုင်းထားခြင်း၊ စီစဉ်ထားခြင်း၊ သို့မဟုတ် အမှီပြုခြင်း အစရှိသည့် ဖြစ်လာနိုင်သည့် ကိစ္စရပ်များကို ရှောင်ကျဉ်နိုင်ရန် ကာကွယ်မှုများ ပြုလုပ်ထားရမည်။

၁၃။ ရှေ့နေများက ၄င်းတို့၏ လုပ်ငန်းအတတ်ပညာဆိုင်ရာ တာဝန်ဝတ္တရားများကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် အောက်ဖော်ပြပါ ပံ့ပိုးဖြည့်ဆည်းပေးမှုများနှင့် အထူးအခွင့်အရေးများ ရပိုင်ခွင့်ရှိသည်

(က) ရှေ့နေ၏ ဖိုင်တွဲမှတ်တမ်းများနှင့် စာရွက်စာတမ်းများအား သိမ်းယူခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းများမှ ကာကွယ်ခြင်း၊ ရှေ့နေ၏ အီလက်ထရောနစ် စနစ်သုံး ဆက်သွယ်ရေးများတွင် ကြားဝင်စွက်ဖက်ခြင်းများမှ ကာကွယ်ခြင်းများ အပါအဝင် ရှေ့နေနှင့် အမှုသည်အကြား ဆက်ဆံရေး လျှို့ဝှက်ထားမှု။

(ခ) မိမိတိုင်းပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ လွတ်လပ်စွာ ခရီးသွားလာကာ မိမိတို့အမှုသည်များနှင့် ဆွေးနွေးပိုင်ခွင့်၊၊

(ဂ) မိမိတို့လုပ်ငန်းအတတ်ပညာဆိုင်ရာအချက်အလက်များနှင့် အတွေးအခေါ်အကြံဉာဏ်များအား လွတ်လပ်စွာ တောင်းဆိုပိုင်ခွင့်၊ ရယူပိုင်ခွင့်နှင့် လုပ်ငန်းအတတ်ပညာဆိုင်ရာ စည်းကမ်းများအရ ဝေငှပေးပိုင်ခွင့်။

၁၄။ ရှေ့နေများမှ မိမိတို့၏ အတတ်ပညာကို လက်တွေ့အသုံးချမှုများကြောင့် ၎င်းတို့၏ လွတ်လပ်စွာ ယုံကြည်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း၊ အဖွဲ့အစည်းများထူထောင်ခြင်း၊ စုရုံးခြင်းများအား တားဆီးပိတ်ပင်မှုများမပြုလုပ်ရ။ အထူးသဖြင့် ၎င်းတို့တွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်။ ။

(က) ဥပဒေနှင့်ပတ်သက်၍သော်၎င်း၊ တရားမျှတမှုရရှိရန် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍သော်၎င်း အများပြည်သူရှေ့မှောက် ဆွေးနွေးခြင်းများတွင် ပါဝင်ခြင်း။

(ခ) ဒေသတွင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများသို့ ဝင်ခြင်း သို့မဟုတ် ယင်းအဖွဲ့အစည်းများအား ဖွဲ့စည်းထူထောင်ခြင်း။

(ဂ) အများပြည်သူအကျိုးအတွက် ကောင်းမွန်စွာ သုံးသပ်စဉ်းစားထားသည့် ဥပဒေပြုပြင်ပြင်ဆင်ချက်များအား အဆိုပြုတင်သွင်းပြီး အကြံပြုချက်များ ပေးအပ်ကာ ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပေးခြင်း။

**ဆင်းရဲနွမ်းပါးသူများအတွက် ဥပဒေဝန်ဆောင်မှု**

၁၅။ သီးခြားရပ်တည်သော ဝတ်လုံတော်ရရှေ့နေအဖွဲ့အစည်း၏ ခံယူချက်သဘောထားမှ မလွဲမရှောင်သာသည့် အကျိုးဆက်တစ်ခုမှာ မည်သူမျှ တရားမျှတမှု ငြင်းဆိုခံရခြင်း မရှိစေရန် လူမှုရေးဆိုင်ရာ အခန်းကဏ္ဍအားလုံးသို့ ဝတ်လုံတော်ရရှေ့နေအဖွဲ့အစည်းမှ အဖွဲ့ဝင်များက ဝန်ဆောင်မှု ပေးရမည်ဟူ၍ ဖြစ်သည်။

၁၆။ ပြည်သူ့ရန်ပုံငွေများဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း ရပ်တည်နေသည့် ဥပဒေဝန်ဆောင်မှု အစီအစဉ်များနှင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်သော ရှေ့နေများသည် အထူးသဖြင့် အောက်ဖော်ပြပါနည်းများအားဖြင့် မိမိတို့၏ အတတ်ပညာဆိုင်ရာ လွတ်လပ်ခွင့်များ အာမခံချက်အပြည့်အဝရှိရမည်

(က) ၎င်းအစီအစဉ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ ဦးတည်ချက်အား လွတ်လပ်သည့် ဘုတ်အဖွဲ့သို့ အပ်နှံထားပြီး ၎င်းဘုတ်အဖွဲ့မှ မူဝါဒများ၊ ဘဏ္ဍာရေးနှင့် ဝန်ထမ်းများအပေါ် ချုပ်ကိုင်မှုရှိခြင်း။

(ခ) တရားမျှတမှုရှိရေး ဆောင်ရွက်ရာတွင် ရှေ့နေသည် ၎င်း၏အမှုသည်အပေါ် အဓိကဝတ္တရားရှိနေပြီး အမှုသည်အား အတတ်ပညာဆိုင်ရာ အသိတရားနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့်အညီ အကြံပြုခြင်း၊ ကိုယ်စားပြုခြင်းများ ဆောင်ရွက်ပေးရမည်ကို အသိအမှတ်ပြုခြင်း။

**ရှေ့နေအဖွဲ့အစည်းများ**

၁၇။ တရားစီရင်ရေးနယ်မြေတိုင်းတွင် ဥပဒေအရ အသိအမှတ်ပြုထားသော ကိုယ်တိုင် ဦးစီးသည့် သီးခြားစွာရပ်တည်သည့် ရှေ့နေအဖွဲ့အစည်းများ တစ်ခုနှင့်အထက် ဖွဲ့စည်းထားရှိပြီး မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သူတစ်ဦးတစ်ယောက်၏ ကြားဝင်စွက်ဖက်ခြင်းမရှိဘဲ ယင်းအဖွဲ့အစည်းများ၏ ကောင်စီ သို့မဟုတ် အခြားအုပ်ချုပ်ရေးအဖွဲ့အား အဖွဲ့ဝင်များအားလုံးမှ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ရမည်။ ထိုသို့လုပ်ရာတွင် ရှေ့နေများနှင့် ဥပဒေပညာရှင်များ၏ လုပ်ငန်းအတတ်ပညာဆိုင်ရာ အဖွဲ့အစည်းများ ထူထောင်ခြင်း သို့မဟုတ် ယင်းအဖွဲ့အစည်းများသို့ ဝင်ခြင်း စသည့် ၎င်းတို့၏ လုပ်ပိုင်ခွင့်များအား ထိခိုက်ခြင်း မရှိစေရပါ။

**ရှေ့နေအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ**

၁၈။ ဥပဒေလုပ်ငန်းအား လွတ်လပ်ခွင့် အာမခံချက်ပေးရာတွင် ‘သက်ဆိုင်ရာ ရှေ့နေများအဖွဲ့အစည်း၏ လုပ်ဆောင်ချက်များ’မှာ အခြားအရာများအနက် အောက်ပါတို့ပါဝင်ရမည်။ ။

(က) အကြောက်အလန့်မရှိ၊ မျက်နှာသာပေးမှုမရှိဘဲ တရားမျှတရေးအား တိုးမြှင့်ဆောင်ရွက်ရန်နှင့် ထိန်းသိမ်းထားရန်။

(ခ) ရှေ့နေလုပ်ငန်း၏ ဂုဏ်သိက္ခာ၊ သမာဓိ၊ လုပ်ရည်ကိုင်ရည်၊ ကျင့်ဝတ်များ၊ အပြုအမူ စံညွှန်းသတ်မှတ်ချက်များနှင့် စည်းကမ်း အပြစ်ပေးချက်များအား ထိန်းသိမ်းရန်နှင့် ရှေ့နေသည် ၎င်းတို့၏ အမှုသည်မှ သီးခြားရှိနေသည့် အသိဉာဏ်ပညာဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်များကို ကာကွယ်ရန်။

(ဂ) လူမှုအဖွဲ့အစည်းရှိ ရှေ့နေများ၏ အခန်းကဏ္ဍအား ကာကွယ်ရန်နှင့် လုပ်ငန်းအတတ်ပညာဆိုင်ရာ သီးခြားရပ်တည်ခွင့်အား ထိန်းသိမ်းထားရန်။

(ဃ) တရားစီရင်ရေးအာဏာပိုင်အဖွဲ့၏ ဂုဏ်သိက္ခာနှင့် သီးခြားရပ်တည်ခွင့်ကို ခုခံကာကွယ်ရန်။

(င) အများပြည်သူမှ ဥပဒေရေးရာ အကူအညီနှင့် အကြံဉာဏ်များပေးအပ်ခြင်း အပါအဝင် တရားစီရင်ရေးစနစ်အား လွတ်လပ်မျှတစွာဖြင့် ရယူနိုင်ခွင့်ကို တိုးမြှင့်ပေးရန်။

(စ) ကိစ္စရပ်တိုင်းတွင် သင့်တော်ပြီး တရားမျှတသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ပိုင်ခွင့်ရှိပြီး သီးခြားရပ်တည်ကာ ဘက်မလိုက်သည့် ခုံရုံးရှေ့မှောက်တွင် လူတိုင်းရှိ လျင်မြန်စွာဖြင့် တရားမျှတမှုရှိသော အများပြည်သူရှေ့မှောက် အမှုကြားနာခွင့်ကို မြှင့်တင်ပေးရန်။

(ဆ) ဥပဒေပြုပြင်ပြောင်းလဲရေး တိုးမြှင့်ဆောင်ရွက်ပြီး ပံ့ပိုးပေးရန်နှင့် တည်ရှိနေဆဲဥပဒေ၊ အဆိုပြုတင်သွင်းထားသော ဥပဒေတို့နှင့် ပတ်သက်သည့် အကြောင်းအရာ၊ အနက်ဖော်ပြချက်နှင့် လက်တွေ့ကျင့်သုံးချက်များအပေါ် ဝေဖန်ပြီး အများပြည်သူရှေ့မှောက် ဆွေးနွေးခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

(ဇ) ရှေ့နေလုပ်ငန်းသို့ ဝင်ရောက်ရန် အဆင့်အတန်းမြင့်မားသည့် ဥပဒေပညာရေးရှိပြီးသားဖြစ်ရမည်ဟူသော သတ်မှတ်ချက်ကို မြှင့်တင်ပေးခြင်း၊ ဆက်လက် ပညာသင်ကြားခြင်းကို မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပြီး ရှေ့နေအဖွဲ့အစည်း၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်သူလူထုအား ပညာပေးရန်။

(ဈ) လိုအပ်သည့် အတတ်ပညာဆိုင်ရာ အရည်အချင်းရှိသူတိုင်းအတွက် မည်သည့်ခွဲခြားဆက်ဆံခြင်းမျှ မရှိစေဘဲ ယင်းအလုပ်အကိုင်သို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ရစေရန်နှင့် ယင်းအလုပ်အကိုင်သို့ အသစ်ဝင်ရောက်လာသူများအား အကူအညီများ ပေးအပ်ရန်။

(ည) ယင်းအလုပ်အကိုင်နှင့်ပတ်သက်သည့် အဖွဲ့ဝင်များ၏ ကောင်းကျိုးနှင့် သင့်တော်သည့် ကိစ္စရပ်များတွင် ၎င်းတို့မိသားစုများသို့လည်း အကူအညီများပေးအပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်။

(ဋ) အပြည်ပြည်ဆိုင်ရာ ရှေ့နေများအဖွဲ့အစည်းများနှင့် အဆက်အစပ်လုပ်ပြီး ၎င်းတို့၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန်။

၁၉။ တရားစွဲဆိုရာတွင်ပါဝင်သူ တစ်ဦးက အခြားတိုင်းပြည်မှ ရှေ့နေအား ပြည်တွင်းရှေ့နေနှင့်အတူ ဆောင်ရွက်စေလိုသည့် ဆန္ဒရှိပါက ယင်းနိုင်ငံခြားတိုင်းပြည်မှ ရှေ့နေတွင် ၎င်း၏တင်ပြမှုအား ကြားနာခွင့်ရယူရန်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများရှိပါက လိုအပ်နေသည့် တင်ပြမှုကြားနာခွင့်ရယူရန် ကူညီရာတွင် သက်ဆိုင်ရာ ရှေ့နေများအဖွဲ့အစည်းမှ ပူးပေါင်းဆောင်ရွက်ကြရမည်။

၂၀။ ရှေ့နေအဖွဲ့အစည်းအား ၎င်း၏လုပ်ဆောင်ချက်ဖြစ်သည့် ရှေ့နေများ၏ လွတ်လပ်ခွင့်ကို ထိန်းသိမ်းခြင်းအား ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် မည်သည့်ရှေ့နေမဆိုအား ဖမ်းဆီးရခြင်း သို့မဟုတ် ထိန်းသိမ်းထားရခြင်း၏ အကြောင်းရင်းနှင့် ဥပဒေအကြောင်းရင်းများ၊ ယင်းရှေ့နေအား ထိန်းသိမ်းထားရှိသည့်နေရာ စသည်တို့အား ၎င်းအဖွဲ့အစည်းထံသို့ ချက်ချင်း အကြောင်းကြားရမည်။ ထို့နောက် အဖွဲ့အစည်းမှလည်း ယင်းဖမ်းဆီးခံရသည့် သို့မဟုတ် ထိန်းသိမ်းခံရသည့် ရှေ့နေထံသို့ ဆက်သွယ်မှုပြုနိုင်ရမည်။

## စည်းကမ်းအပြစ်ပေးခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ

၂၁။ ရှေ့နေများ၏ လုပ်ငန်းအတတ်ပညာနှင့်ပတ်သက်၍ ကျင့်ဝတ်စည်းမျဉ်းအား ရှေ့နေများအဖွဲ့အစည်းမှ လက်ခံကျင့်သုံးကာ ကြီးကြပ်ရမည်။

၂၂။ မူလတရားစီရင်ရေးစည်းမျဉ်းများပါဝင်သည့် စည်းကမ်းအပြစ်ပေးမှုဆိုင်ရာ လုပ်ဆောင်ချက်များအား စတင်ပြုလုပ်ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ ရှိရမည်။

၂၃။ သက်ဆိုင်ရာ ရှေ့နေများအဖွဲ့အစည်းတွင် စည်းကမ်းအပြစ်ပေးမှုများ လုပ်ဆောင်ရန်အတွက် တာဝန်ရှိသည်။ သို့မဟုတ် စည်းကမ်းအပြစ်ပေးမှုများ လုပ်ဆောင်ရာတွင် ပါဝင်ခွင့်ရှိသည်။

၂၄။ စည်းမျဉ်းအပြစ်ပေးရန် လုပ်ဆောင်ချက်များအား သက်ဆိုင်ရာ ရှေ့နေများအဖွဲ့အစည်း၏ စည်းမျဉ်းသတ်မှတ်ချက်ဆိုင်ရာ ကော်မတီရှေ့မှောက်တွင် ပထမဦးဆုံးအကြိမ် ဆောင်ရွက်ရမည်။ စည်းကမ်းအပြစ်ပေးသည့်ကော်မတီမှ သက်ဆိုင်ရာသီးခြားရပ်တည်သော အယူခံဝင်သည့် အဖွဲ့အစည်းသို့ အယူခံဝင်ပိုင်ခွင့် ရှေ့နေတွင် ရှိသည်။